**မဖြစ်သင့်တဲ့ အမှား ႏ ဖြစ်သင့်တဲ့ တရား**

မြေခွေးနဲ့ ဂံပလွေ ဘာကိုရွေးမလဲ ဆို မြေခွေးရော ဂံပုလွေရောကို

ကျနော်သာဆိုဘယ်ဟာမှရွေးမှာမဟုတ်ဘူး။

လို့ ဆွေးနွေးခဲ့တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ရဲ့လူငယ်ဟောင်းဦးမြင့်စိုး ရဲ့စကားနဲ့ NLDဂင်တာနဲ့ ဦးသုဂေတို

့ဂင်တာနဲ့ အဆင့်ချင်းမတူဘူး ၊ ဒေါ်စုမပါရင်စစ်အာဏာရှင်စနစ်ကမျောသွားနိုင်တယ်ပြောတဲ့ ဦးဘိုဘိုကျော်ငြိမ်း

ဦးကျော်ငြိမ်း (ပ မ ည တ )ရဲ့သား စကားနဲ့ ဘာရေးညာရေ ကျွမ်းကျင်သူအောင်နိုင်ဦးဆိုသူရဲ့ စစ်တပ်ကဘယ်

လောက်အုပ်ချုပ် အုပ်ချုပ် အတိုက်အခံက ဘယ်လောက်ညှံ့ညှံ့ ဆိုပြီး ကိုယ်စီးတဲ့မြင်းအထီးမှန်းအမမှန်းတောင်မ

သိ စစ်အုပ်စုအကြိုက် ဆွဲညှိုပြောသွားတဲ့ အခင်းအကျင်းကိုတော်လှန်ရေးအင်အားစုတွေ သတိမထားလိုက်မိသူ

များကို မြင်သာထင်သာဖြစ်စေချင် လှပါတယ် ။ငါတို့ တော့ အောင်နိုင်ဦးဘာကောင်လဲဆိုတာသိပြီးသားပော့ လို့

ပြောတဲ့သူလည်းရှိပါလိမ့်မယ် ။ ရှိပါစေ ထပ် ထပ် ပြီးတော့ ကိုပြောချင်တာပါပဲ ။

တော်လှန်ရေးကို အခြေခံထားပြီး ပေးလာတဲ့ အမောင်ကျောင်းသား ဆိုသူ ကိုအထင်ကြီးတဲ့ အဖြူမ ကယူမ ထား

လိုက်လေတော့ သိတ်လည်သိတ်ပါးတဲ့အဖြူမ ပေကို ႏ ဒါနဲ့ အောင်နိုင်ဦး တို့ က NGO အကြီးစားတွေ နဲ့ကြီးပွါးနေ

လေတော့ တော်လှန်ရေး တခု လုံးကို ခုတုံးလုပ် ခဲ့တဲ့သူကိုယ်တိုင်အတိုက်အခံ ကျောင်းသား ဘဂ ကနေ ခုတော့

သူ့မြင်းဖင် သူ မမြင်ပဲ တီဗွီမှန်သားပြင်ကနေ မျက်နှာပြောင်တိုက်မိုက်လိုက် ပုံများကတော့ဖြင့် ပြည်သူကို မဲသွား

ထဲ့ခိုင်းနေပြန်ပကော ။

ဦးမြင့်စိုး (NLD) ကတော့ ရပ်တည်ချက်ကို တစိုက်မတ်မတ် နဲ့ ကျနော်ကတော့ပြည်သူကို အဲဒီ့လို မတိုက်တွန်းချင်

ဘူး ဉာဏ်ပညာပေါ်မှာ သုံးသပ် တက်ဖို့ ခြေပပြန်ပါတယ် ။

ဦးဘိုဘိုကျော်ငြိမ်း ကလည်း ချိုချိုကျော်ငြိမ်း မောင်ပေပဲ မို့ တစ်ခြမ်း မိုက်ချင်သေးတယ် ။ စစ်အစိုးရကို မကြိုက်ရင်

စစ်အစိုးရကို မဲမပေးဘူး မပတ်သတ်သူကိုပေး မယ် တဲ့ သူ့သဘော လို လို အမ အတွက်မဲဆွယ်သလို လို နဲ့ပြော

သွားပြန်ပါတယ် ။ တိုင်းပြည်အရေး ကို အမှန်တကယ်သုံးသပ်နေတာလား အတ္တတွေ နဲ့ ခြည်နှောင်ထားတဲ့ ဒေါ်

လာတွေ အတွက် ဒါမှမဟုတ် န အ ဖ က ကိုယ့်ကို ပြန်ခေါ်လို ခေါ်ငြား အသံပစ် ပေးနေရတာလား ဆိုတာတော့

ကာယကံရှင် တွေ လည်း ကိုယ့် ကိုယ် ကို သိသလို တော်လှန်ရေး လုပ်သက်တူတဲ့ ပိုလုပ်ခဲ့တဲ့ မနေ့တနေ့ကမှ

စိတ်နှလုံး သန့်သန့် နဲ့ ဒီတိုက်ပွဲ ထဲမှာပါခဲ့သူတွေတိုင်းသိပါတယ် ။

အောင်နိုင်ဦးကပြောတယ် ခေါင်းဆောင် တွေမညီဘူး တဲ့ ဦးန ဒေါ်စု ဦးတင်ဦး သူတို့ မညီဘူး တဲ့ အာဏာသိမ်း

တော့ ကျောင်းသားတွေ မျက်ရည်ကျရတယ်တဲ့ ဒီမှာ အတိတ်သမိုင်းမှန်လေး ကို နည်းနည်းဖြည့်စွပ်ချင်ပါတယ် ။

ကျောင်းသားဆိုတာ အမြဲ ပေးဆပ်ဖို့ တော်လှန်ဖို ရဲရဲတောက် အစဉ်အလာရှိခဲ့သူတွေ ပါ အောင်နိုင်ဦးတို့ စိတ်ထဲ

မှာတော့ ဘယ်နှယ့် ရှိမယ် မသိပေ့ါ ။ အဲဒီအချိန် က NLD ပါတီဟာ အားလုံးကို ကြို ဆို နေတာပါ ။ ကျောင်းသား

ခေါင်းဆောင် တွေ ဗိုလ်မှူးအောင် တို့ ဦးအောင်သန်း တို့ က အစ NLD နဲ့ မပူးပေါင်း ခဲ့ကြပါဘူး ။ ပါတီတွေ ၂၀၀

ကျော် ဖြစ် လို ဖြစ် ဖြစ်ပိုင်ခွင့်ရှိပေ မဲ့ တစည ဟာ ဒုတိယ လိုက် ခဲ့တာကို သတိထားမိဖို့ လိုပါတယ် ။ ဒါဆိုကျောင်း

သားကရော ဘာ လို့ ကျောင်းသားပါတီ ဖြစ် ခဲ့တာ လဲ ဒီလူ ကြီးတွေပဲ မညီတာ လား ? သမိုင်း မှာ အဖြေတစ်ခုမ

ထွက်မချင်း ပုံချလို့ မရပါဘူး ။

နိုင်ငံတစ်ကာ အထောက်အပံ့ဆို တဲ့ အရာ တွေ နဲ့ရပ်တည်နေတဲ့ တော်လှန်ရေးအင်အားစု တရပ် ရှိသလို နိုင်ငံခြား

စောစောထွက် ပါရဂူဘွဲ့ ရ နောက်ပြီး မိန်းမ ထမိန်နားခိုစားပြီး နိုင့်ငံ့အရေးလေ့လာ နေသူတွေ အနေနဲ့ အမှန်မြင်ဖို့

ခက်သွားပါပြီ ။ တော်လှန်ရေးတရပ် မှာ လက်တွေ့ ကျော်ဖြတ် သူ တွေ ကို ဘယ်လို နည်းပညာမျိုးကမှမမှီနိုင်ပါဘူး

အောင်နိုင်ဦးပြောသွားတာ တော်လှန်ရေးကြောင့်ပဲ လူ့ အခွင့် အရေးတွေ ပိုဆုံးရှုံးနေသလို လို စစ်တပ် နဲ့ ပေါင်းပြီး

အာဏာခွဲဝေယူပါမှ လူ့ အခွင့်အရေး ရမှာလိုလို ကရားရေလွှတ် ပြောချနေပါတယ် ။

မှားနေပါတယ် ဦးအောင်နိုင်ဦး စစ်တပ်က သူ့ အတွက် သပ်သပ် မဲထဲ့ဖို စစ်တပ်ပါတီထောင်မှာမဟုတ်ပါဘူး ။ ဒီကိစ္စ

မှာ ဦးဘိုဘိုကျော်ငြိမ်းလည်း သတိပြန်ချပ်ဖို့ လိုပါတယ် ။စစ်တပ်ကဘယ်သူ နိုင်နိုင် သူတို့ ပါပြီးသားဖြစ်တာကြောင့်

စစ်တပ်ကို ခွဲ ထုတ် ကန့် ကွက် ပစ် နိုင်မဲ့ ညီလာခံ မဟုတ်ပါဘူး ။

ဒီမှာ ဦးမြင့်စိုး ပြောတာကိုလည်း ထပ် ဖြည့်စွပ် ချင်ပါသေးတယ် လူ့ အခွင့်အရေးတွေ က အရင်ကလည်း ဆုံးရှုံးတယ်

အခုရော ဆုံးရှုံးတယ် ၂၀၁၀ နောက်ပိုင် မှာမှ ဆုံးရှုံး မှာမဟုတ် ဘူး ဆိုတဲ့ အပေါ်မှာ ထပ် ဖြည့် စွပ်ချင်တာ ကအကယ်

၍ ၂၀၁၀ သာ စစ်အုပ်စုအလို ကျလုပ်သွားနိုင်ခဲ့ရင် ဘယ်ပါတီ ဘယ် ကိုယ်စားလှယ်တက်တက်စစ်တပ်ရဲ့လွှမ်းမိုးမှု

အောက်မှပဲ ရှိမှာ မို့ လို့ တော်လှန်ရေးအင်အားစုတွေ ဆက် တိုက်ရမှာ (အပြည်ပြည်ဆိုင်ရာမှက အစ ) စစ်အာဏာရှင်

အစိုးရမဟုတ်တော့ဘူး မတရားတဲ့ အရပ်သား အစိုးရဖြစ်သွားပြီ ပို လို့ ကို ခက်ခဲ မှုအြသေ အချာ မို့ ဦးမြင့်စိုး တို့ ရဲ့ပြည်

သူကို မတ်ဆိတ် ပေးချက် ကိုအင်မတန်မှပဲကျေးဇူးတင်ပါတယ်။

ဒါ့ အပြင် ဦးဘိုဘို ကျော်ငြိမ်း တို့ ရဲ့ အပြောင်းအလဲ ကို လို လား တဲ့အြယူအဆ အပေါ်မှာလည်းလူငယ်တွေ က လန့်

သွားတာမျိုး သတိပြန်ချပ် တာမျို းဆွေးနွေး လာတာ မတ်ဆိတ်ပေးရရင် ဖြင့် နိုင်ငံရေးစနစ် ကကွန်မြူနစ် စီးပွါးရေး

စနစ်က အရင်းရှင် စီးပွါးရေး မျိုး လို့ လမ်းကြောင်း မကွေ့ သွားစေ့ချင်ပါဘူး ကွန်မြူနစ်အစစ်တွေကိုတော့ လေးစား

ပါတယ် ကွန်မြူနစ်ကြောင်တွေ က လမ်းကြောင်းသစ်တခု စအော် လိုက်ရင်ဖြင့် သပွတ်အူ နဲ့စာပူးတောင်း အဖြစ်မျိုး

ကြုံရပါလိမ့်မယ် ။။စနစ်ပြောင်းတယ်ဆိုတာဒေါ်စု နဲ့ NLD မပါပဲ ဖွတ် လုပ် သွား လို့ မပြောင်း နိုင်ဘူးဆိုတဲ့ ဦးဘိုဘိုကျော်

ငြိမ်း ရဲ့ ထင်သာတဲ့ အမြင်ပေါ်မှာ ထပ်လောင်းပြောရရင် တွေ့ ဆုံဆွေးနွေးရေး ကို ခု လုပ် ခုတောကြောင် တွေ ပျောက်

သွားမှာပါပဲ ။အောင်နိုင်ဦးရဲ့ ဒီမိုကရေစီဆိုတာ ခုန်ပံကျော်လွှား လို့ မရ ဘူး ဆိုတဲ့ အယူအဆရှိခဲ့ရင် မှန်ကန်တဲ့နည်း

စနစ်ကျတဲ့နည်း နဲ့ တိုက်ပွဲဝင်ပါမှ စစ်မှန် တဲ့ ဒီမိုကရေစီရမယ် ဆိုတာရော အောင်နိုင်ဦး စဉ်းစားသင့်ပါတယ် ။

ရွေးကောက်ပွဲ မရှိတာ ကြာပြီဖြစ်တာကြောင့် ရွေးကောက်ပွဲဟာ ရလဒ်ကောင်း တစ်ခု လို့ မြင်ရင် အကောင်းကို မလုပ်

တဲ့ စစ်အုပ်စု ကိုအောင်နိုင်သီးက အရင် ပြောရပါလိမ့် မယ် စစ်အုပ်စု ကိုင်စွဲ ထားတဲ့စနစ်ဟာ ဘာစနစ်လဲ အာဏာရှင်

အပြင် ဘာ ရှိသေးလဲ မတရားမှု ကိုကိုယ်စားပြု ထားတဲ့ဖောက်ပြန်တဲ့စနစ်ပါ ။ ဒီ လူ တွေ လုပ်တဲ့ရွေးကောက်ပွဲမှာနောက်

တခါ အလိမ်ခံဦးမယ် ဆိုရင်တော့ ခံတဲ့သူ့ အပြစ် ပဲ လို့ တင်ပြရင် DVB စကားဝိုင်း မှ ဆွေးနွေးသူတို့ ရဲ့ စကားနဲ့ မဖြစ်

သင့်တဲ့ အမှာ း ဖြစ်သင့်တဲ့ တရား ကို ရေးသားတင်ပြလိုက်ပါတယ် ။။

မင်းထက်မြတ်(၈၈ မျိုးချစ်တပ်ဦးလူငယ်)